# <u>လုပ်ထုံးလုပ်နည်းများနှင့်လမ်းညွှန်ချက်များ</u>

## Special Access Numbers ၊ Short Codes and Short Numbers များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

### ၁။ Special Access Numbers ( အထူးချိတ်ဆက်နံပါတ်များ )

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သော Telecommunication Numbering Plan နှင့် Code of Practice ပါပြဋ္ဌာန်းချက်များနှင့်အညီ "၁"နှင့် စသော ကိန်းဂဏန်း ( ၃ ) လုံးနှင့် ( ၄ ) လုံးပါနံပါတ်များဖြစ်သည့် "1XY"/"1XYZ" ကဲ့သို့သော အထူးချိတ်ဆက်နံပါတ်များသည် တိုက်ရိုက်နှိပ်၍ခေါ်ဆိုနိုင်သည့် နံပါတ်များဖြစ်ပါသည်။

အဆိုပါအထူးချိတ်ဆက်နံပါတ်များကို အောက်ပါအတိုင်း အမျိုးအစား ( ၃ ) မျိုးဖြင့် သတ်မှတ်ထားပါသည်။

**အမျိုးအစား ( က ) အထူးချိတ်ဆက်နံပါတ်များ ( အများပြည်သူနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုများ )**

အမျိုးအစား ( က ) ချိတ်ဆက်နံပါတ်များသည် အရေးပေါ်ကိစ္စရပ်များအတွက် ခေါ်ဆိုသည့် ၁၉X ကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုနံပါတ်များ ဖြစ်သည်။ ထိုနံပါတ်များကို လိုင်စင်ရရှိသူအားလုံးက အသုံးပြုရမည်။

**အမျိုးအစား ( ခ ) အထူးချိတ်ဆက်နံပါတ်များ ( အများပြည်သူနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများ)**

အမျိုးအစား ( ခ ) ချိတ်ဆက်နံပါတ်များသည် ချို့ယွင်းမှုတိုင်ကြားခြင်း ( fault reporting ) သို့မဟုတ် စံတော်ချိန်ဖြေကြားခြင်း (time reporting) ကဲ့သို့သောကိစ္စရပ်များအတွက် ခေါ်ဆိုသည့်အများနှင့်သက်ဆိုင်သည့် နံပါတ်များဖြစ်သည်။ လိုင်စင်ရရှိသူများသည် ဖော်ပြပါဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် မလိုအပ်သော်လည်း၊ ဖြည့်ဆည်းပေးလိုပါက ဦးစီးဌာနမှ သတ်မှတ်ပေးသောနံပါတ်များကို အသုံးပြုရမည်ဖြစ်ပြီး ယင်းနံပါတ်များကို အခြားရည်ရွယ်ချက်များအတွက်အသုံးမပြုရ။

**အမျိုးအစား ( ဂ ) အထူးချိတ်ဆက်နံပါတ်များ - အခြားသောဝန်ဆောင်မှုများ**

အမျိုးအစား ( ဂ ) ချိတ်ဆက်နံပါတ်များသည် ကွန်ရက်သီးသန့်နံပါတ်များဖြစ်ပြီး ခွင့်ပြုထားသည့် မည်သည့်ဝန်ဆောင်မှုအတွက်မဆို အသုံးပြုနိုင်သည်။

## ၂။ Short Code ( သင်္ကေတတိုများ )

(က) သင်္ကေတတိုများဆိုသည်မှာ ( ၂ မှ ၉ ) အထိ အစပြုသောနံပါတ်များ 2AB ( C )( D ) မှ 9 ( AB ) ( C ) ( D ) Ranges အတွင်း တိုက်ရိုက်နှိပ်၍ ခေါ်ဆို၍မရဘဲ စာသားတို ပေးပို့ဆက်သွယ်မှုကိုဖြစ်စေ၊ မာတီမီဒီယာ ပေးပို့ဆက်သွယ်မှုကိုဖြစ်စေ ၊ USSD ( Unrestricted Supplementary Service Data ) စသည့် ဝန်ဆောင်မှုများအတွက် ဖြစ်စေ အသုံးပြုနိုင်သော သင်္ကေတစနစ်များ ဖြစ်ပါသည်။

( ခ ) ၎င်းနံပါတ်တို့အား ခွဲဝေသတ်မှတ်ပေးခြင်းနှင့် သုံးစွဲခြင်းတို့အတွက် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထောက်ခံချက် ရယူရန် မလိုအပ်ပါ။ သို့ရာတွင် လိုင်စင်ရရှိသူများ သည် လက်ရှိအသုံးပြုလျက်ရှိသော နံပါတ်စဉ်ဆိုင်ရာ နှစ်စဉ်အသေးစိတ် အစီရင်ခံစာနှင့် ၎င်းသင်္ကေတများ၏ သုံးစွဲမှုအစီအစဉ်တို့အား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရန် လိုအပ်ပါမည်။

## ၃။ Short Numbers ( သင်္ကေတတို နံပါတ်များ )

( က ) သင်္ကေတတို နံပါတ်များသည် ( ၂ မှ ၉ ) အထိ အစပြုသော 2 AB ( C ) ( D ) မှ 9 AB ( C ) ( D ) ranges အတွင်း ဝန်ဆောင်မှုများအတွက် တိုက်ရိုက်နှိပ်၍ ခေါ်ဆို နိုင်သော နံပါတ်များ ဖြစ်ပါသည်။

( ခ ) ၎င်းနံပါတ်တို့အား ခွဲဝေသတ်မှတ်ပေးခြင်းနှင့် သုံးစွဲခြင်းတို့အတွက် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထောက်ခံချက် ရယူရန်မလိုအပ်ပါ။ သို့ရာတွင် လိုင်စင်ရရှိ သူများသည် လက်ရှိအသုံးပြုလျက်ရှိသော နံပါတ်စဉ်ဆိုင်ရာ နှစ်စဉ်အသေးစိတ် အစီရင်ခံစာနှင့် ၎င်းသင်္ကေတများ၏ သုံးစွဲမှုအစီအစဉ်တို့အား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရန် လိုအပ်ပါမည်။

**နံပါတ်တိုများ ( Short Number )**

ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ Short number များကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ် ပေးသွားမည်ဖြစ်ပါသည် -

| **အမျိုးအစား** | | **ဥပမာ** | **နံပါတ်** |
|---|---|---|---|
| Type A | အများပြည်သူများနှင့် သက်ဆိုင်၍ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုများဖြစ်ပြီး ခေါ်ဆိုခ ကောက်ခံခြင်း မပြုရပါ။ | အရေးပေါ်အခြေအနေဆိုင်ရာ ( ရဲ ၊ မီးသတ် ၊ လူနာတင်ကား စသည်ဖြင့် ) | 19 X , 11 X , 15 X |
| Type B | အများနှင့်ဆိုင်သော ဝန်ဆောင်မှုများဖြစ်ပြီး မဖြစ်မနေ ဆောင်ရွက်ပေးရန် မလိုအပ်သော ဝန်ဆောင်မှုများဖြစ်သည်။ အော်ပရေတာအားလုံးသည် ယင်းဝန်ဆောင်မှုများအတွက် တူညီသော နံပါတ်များကို အသုံးပြုရမည် ။ | တယ်လီဖုန်းဘေလ်စစ်ဆေးခြင်း ( Customer enquiry ) | 10X (fixed) ,12X ( fixed & mobile )<br>2 XY ( Z ) |
| Type C | အခြားဝန်ဆောင်မှုများ | | Type A နှင့် Type B အတွက်သတ်မှတ်ပေးထားသော နံပါတ်များ မှအပ အခြားသော နံပါတ်တိုများ ( 3 digits or 4 digits ) |
| Carrier selection codes | ကယ်ရီယာအော်ပရေတာရွေးချယ်ရန် အသုံးပြုမည့် နံပါတ်များ | နိုင်ငံတကာမှ ခေါ်ဆိုရာတွင် carrier ရွေးချယ်ခြင်း | 160XY |
| ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံစရာ မလိုဘဲ အသုံးပြုနိုင်သော အခြားသော နံပါတ်များ | သက်ဆိုင်ရာ အော်ပရေတာကွန်ရက် အတွင်းတွင် အသုံးပြုနိုင်သော နံပါတ်များ | Entertainment | 2 မှ 9 အထိ နံပါတ်များဖြင့် အစပြုသော ဂဏန်း ( ၃ ) လုံး ၊ ( ၄ ) လုံး ၊ ( ၅ ) လုံး ရှိသည့် နံပါတ်များ |